Message Nine

## အောင်မြင်သော အဦးသီးများက လိုက်လျှောက်ရသည့် သိုးသငယ်

ဖတ်ရန်ကျမ်း။ ။ ဗျာ၊၁၄း၁-၅။ က၊၅း၂၂-၂၄။ ဟေဗြဲ၊၁၁း၅-၆။ မ၊၂၄း၄၅-၅၁

**I. ဗျာဒိတ် ၁၄း၁-၅ တွင် သိုးသငယ်အဖြစ် ခရစ်တော်သည် အောင်မြင်သော အဦးသီးများက လိုက်လျှောက်ရသောသူဖြစ်သည်။**

A. အဦးသီးများသည် အသက်ရှင်သော အောင်မြင်သောသူများဖြစ်ပြီး၊ ဘုရားသခင်၏လယ်ပြင်၌ အဦး ရင့်မှည့်သောသူများဖြစ်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် သူတို့သည် ရိတ်သိမ်းချိန်မတိုင်မီ ဘုရားသခင်ထံသို့လည်းကောင်း၊ သိုးသငယ်ထံသို့လည်းကောင်း အဦးသီးများအဖြစ် ရင့်မှည့်ကြလိမ့်မည်ဖြစ်သည်။

1. အဦးသီးများသည် ကောင်းကင်ဆိုင်ရာဇိအုန်တောင်သို့တိုင်၊ တတိယကောင်းကင်ရှိ ဘုရားသခင်ကိန်းဝပ်ရာနေရာသို့တိုင် ဘုရားသခင်နှင့်ခရစ်တော်၏ မျက်မှောက်တော်၌ရှိရန်အလို့ငှာ ချီဆောင်ခံရလိမ့်မည်ဖြစ်သည်။
2. ချီဆောင်ခြင်း၏အဓိပ္ပာယ်မှာ သခင်ဘုရား၏မျက်မှောက်တော်အထဲသို့ ဆောင်ယူခံရခြင်းဖြစ်သည်။ သခင်ဘုရား၏မျက်မှောက်တော်အထဲသို့ ဆောင်ယူခံရရန်အလို့ငှာ ကျွန်ုပ်တို့သည် ယနေ့ ကိုယ်တော်၏မျက်မှောက်တော်၌ ရှိရမည်ဖြစ်သည် - လု၊၂၁း၃၆။ ၂ကော၊၂း၁၀။ ဟောရှေ၊၆း၂။ ၂တိ၊၄း၈။ တ၊၂၆း၁၆။
3. ချီဆောင်ခြင်းသည် ရန်သူကို နှိမ်နင်းခြင်းနှင့် ဘုရားသခင်ကို ကျေနပ်နှစ်သိမ့်စေခြင်းအတွက် ဖြစ်သည်။ သခင်ဘုရားသည် သား-ယောကျ်ားအား ကိုယ်တော်၏ရန်သူကို ဆန့်ကျင်တိုက်ခိုက်စေဖို့ အလိုတော်ရှိသည်၊ သို့သော် ကိုယ်တော်သည် သူ၏ ကျေနပ်နှစ်သိမ့်ခြင်းနှင့် မွေ့လျော်ဝမ်းမြောက်မှုအတွက် အဦးသီးများကို ပို၍ အလိုတော်ရှိသည် - ဗျာ၊၁၂း၅။ ၁၄း၁၊ ၄ခ။

B. သမ္မာကျမ်းစာက ချီဆောင်ခြင်း၏သွင်ပြင်နှစ်ခုကို ဖွင့်ပြထားသည်၊ ဘေးဒဏ်ကြီးကာလမတိုင်မီ အောင်မြင်သောသူများကို ချီဆောင်ခြင်းနှင့် ဘေးဒဏ်ကြီးကာလအဆုံး၌ ယုံကြည်သူအများပိုင်းကို ချီဆောင်ခြင်း တို့ဖြစ်သည် - မ၊၂၄း၄၀-၄၁။ လု၊၂၁း၃၆။ ဗျာ၊၃း၁၀။ ၁သက်၊၄း၁၅-၁၇။ ဗျာ၊၁၂း၅။ ၁၄း၁။

C. ဝတ်ပြုရာ ၂၃း၁၀ တွင် ချီဆောင်ခြင်း၏ ပုံဆောင်ချက်ကို မြင်ရသည် - လယ်ကွင်းရှိ ကောက်လှိုင်း ရင့်မှည့်ခြင်း ပုံဆောင်ချက်ဖြစ်သည် - မ၊၁၃း၂၄။ ဗျာ၊၁၄း၁၄-၁၆။

1. ဘုရားသခင်၏ကောက်လှိုင်း ရင့်မှည့်ခြင်းမှာ ကျွန်ုပ်တို့ခေါ်ဆိုသော ချီဆောင်ခြင်းဖြစ်သည်။ ဤရင့်မှည့်ခြင်းသည် ယုံကြည်သူများမှာ မြေကြီးမှ အဝေးသို့ ဆောင်ယူခံရလိမ့်မည်ဖြစ်ကြောင်း ညွှန်ပြနေသည် - မ၊၁၃း၃၀၊ ၃၉ခ။
2. ကောက်လှိုင်း၏အစိတ်အပိုင်း - အဦးသီးများ - သည် အဦးရင့်မှည့်ပြီး၊ အဦး ရိတ်သိမ်းရသည်။ ကောက်လှိုင်း၏ကျန်သည့်အပိုင်း - ရိတ်သိမ်းချိန် - မှာ နောက်ပိုင်းတွင် ရင့်မှည့်၍ နောက်ပိုင်းမှ ရိတ်သိမ်းရသည်။
3. ဗျာဒိတ် ၁၄ အရ ချီဆောင်ခြင်းနှစ်မျိုး ရှိသည် - အဦးသီးများကို ချီဆောင်ခြင်းနှင့် ရိတ်သိမ်းခြင်းကို ချီဆောင်ခြင်း တို့ဖြစ်သည် - အငယ်၊၄ခ၊ ၁၄-၁၆။

D. အဦးသီးများသည် ဘုရားသခင်ထံသို့ သစ်လွင်လန်းဆန်းသော မွေ့လျော်ဝမ်းမြောက်မှုအဖြစ် ဇိအုန်ရှိ ဘုရားသခင်၏အိမ်တော်သို့ ချီဆောင်ခံရကြသည်။ ဤသည်မှာ ဘုရားသခင်၏ကျေနပ်နှစ်သိမ့်ခြင်းအတွက် ဖြစ်သည် - ထွ၊၂၃း၁၉က။ ဝတ်၊၂၃း၁၀။ ညွှန်း၊ ယော၊၂၀း၁၇က။

E. အဦးသီးများသည် သိုးသငယ်၏နာမနှင့် ကိုယ်တော်၏ခမည်းတော်နာမကို သူတို့၏နဖူးများတွင် ရေးထိုးထားသည်။ ဤသည်မှာ သူတို့သည် သိုးသငယ်နှင့် ခမည်းတော်နှင့်အတူ သူတို့တစ်လုံးတစ်ဝဖြစ်ခြင်းနှင့် သူတို့ကို ကိုယ်တော် ပိုင်ဆိုင်ကြောင်း သတ်မှတ်ထားခြင်း ဖြစ်သည် - ဗျာ၊၁၄း၁ခ။

F. အဦးသီးများသည် ဘုရားသခင်၏ကောက်လှိုင်းများအကြား ရင့်မှည့်ခြင်းသို့ရောက်ရှိရန် အဦးဆုံးဖြစ်ကြသည် - ဟေဗြဲ၊၅း၁၄-၆း၁။ ၁ကော၊၂း၆။ ဧ၊၄း၁၃။ ဖိ၊၃း၁၅။

1. ပုံသဏ္ဌာန်ပြောင်းလဲခြင်းမှာ ကျွန်ုပ်တို့၏ဇာတိအသက်၌ ပြောင်းလဲခြင်းရှိရန် ဖြစ်သည်။ ရင့်မှည့်ခြင်းမှာ ကျွန်ုပ်တို့ကို ပြောင်းလဲစေသော ဘုရားဆိုင်ရာအသက်ဖြင့် ပြည့်ဝခြင်း ဖြစ်သည် - ရော၊၁၂း၂။ ဧ၊၃း၁၉ခ။

2. ဘုရားသခင်၏ ထင်ရှားခြင်းအတွက် ရင့်မှည့်ခြင်းကို လိုအပ်နေသည်။ ရင့်မှည့်သော အသက်သာလျှင် ဘုရားသခင်၏ ပုံသဏ္ဌာန်ကို ဆောင်ခြင်းနှင့် ကိုယ်တော်၏အုပ်စိုးခြင်းကို လေ့ကျင့်လုပ်ဆောင်ခြင်း ရှိနိုင်ပေသည် - က၊၁း၂၆။ ရော၊၅း၁၀၊ ၁၇၊ ၂၁။

**II. ကျွန်ုပ်တို့က သိုးသငယ်နောက်ကို လိုက်ရန်နှင့် အဦးသီးများဖြစ်လာဖို့ ရင့်မှည့်ခြင်းသို့ ရောက်ရန်အလို့ငှာ ကျွန်ုပ်တို့သည် သေခြင်းမှ လွှန်မြောက်၍ ဘုရားသခင်ထံ ကောင်းသော ကျေနပ်အားရခြင်းကို ပေးနိုင်သော သက်သေခံချက်ကို ရရှိဖို့ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်နှင့်အတူ လျှောက်လှမ်းရမည်ဖြစ်သည်။**

A. သေခြင်းမှလွှန်မြောက်ရန်နှင့် ဘုရားသခင်ထံ ကောင်းသောကျေနပ်အားရခြင်းကို ပေးနိုင်သော သက်သေခံချက်ကို ရရန် နည်းလမ်းမှာ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်းဖြစ်သည် - က၊၅း၂၂-၂၄။ ဟေဗြဲ၊၁၁း၅-၆။

1. ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်းမှာ ဘုရားသခင်ကို ကျော်သွားရန်မဟုတ်၊ စိတ်ကြီးဝင်ရန်မဟုတ်၊ မိမိတို့ကိုယ်ပိုင်ခံယူချက်နှင့် အလိုဆန္ဒအတိုင်း အရာများကို လုပ်ရန်မဟုတ်၊ ခေတ်ကာလရေစီးကြောင်းအတိုင်း အရာများကို လုပ်ရန်မဟုတ်၊ မည်သည့်အရာကိုမျှ ဘုရားသခင်မပါဘဲ လုပ်ရန် မဟုတ်ပါ - ညွှန်း၊ ဆာ၊၁၉း၁၂-၁၃။ ယော၊ရှ၊၉း၁၄ခ။ လု၊၂၄း၁၅။

2. ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်းမှာ ကိုယ်တော်ကို ကျွန်ုပ်တို့၏အလယ်ဗဟိုနှင့် အရာခပ်သိမ်းအဖြစ် ယူဆောင်ရန်၊ ဘုရားသခင်အတိုင်း၊ ဘုရားသခင်နှင့်အတူ၊ ကိုယ်တော်၏ဖွင့်ပြခြင်းနှင့် ဦးဆောင်မှုအတိုင်း အသက်ရှင်ရန်နှင့် အရာများကို လုပ်ဆောင်ရန်၊ ကိုယ်တော်နှင့်အတူ အရာခပ်သိမ်းကို လုပ်ဆောင်ရန် ဖြစ်သည် - ရော၊၈း၄၊ ၁၃-၁၄။ ဂလ၊၂း၂၀။ ၂ကော၊ ၅း၁၄-၁၅။

3. ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်းမှာ ကျွန်ုပ်တို့သည် မိမိတို့ဖြစ်သောအရာအားဖြင့် သို့မဟုတ် တတ်နိုင်သောအရာအားဖြင့် အသက်မရှင်ဘဲ၊ ခရစ်တော်ကိုယ်တော်တိုင်ဖြစ်တော်မူသော မသေနိုင်သောအသက်အားဖြင့် အသက်ရှင်ခြင်းကို ဆိုလိုသည် - အငယ်၊၄၊ ၉။

4. ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်းမှာ ဘုရားသခင်နှင့်အတူ ပုံမှန်ဖြစ်သော မိတ်သဟာယဖွဲ့ခြင်း ရှိရန်၊ သခင်ဘုရားနှင့်အတူ စဉ်ဆက်မပြတ် ထိတွေ့ခြင်းရှိရန်၊ ကိုယ်တော်၏လက်ငင်းဖြစ်သော ဖြည့်သွင်းခြင်းအောက်မှာ ရှိရန် ဖြစ်သည် - ၁ယော၊၁း၃။ ဖိ၊၄း၆။ ၂ကော၊၃း၁၆၊ ၁၈။

5. ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်းမှာ မင်္ဂလာရှိသော သုံးပါးတစ်ပါးဖြစ်ခြင်းကို မွေ့လျော်ဝမ်းမြောက်ရန် ကျွန်ုပ်တို့၏ ဝိညာဉ်ကို စဉ်ဆက်မပြတ် လေ့ကျင့်ခြင်း ဖြစ်သည် - ယု၊၁၄၊ ၁၉-၂၁။

6. ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်းမှာ ကျွန်ုပ်တို့၏အတ္တနှင့် အတ္တ၏ အရာခပ်သိမ်းကို ငြင်းပယ်ခြင်းဖြစ်ပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်နိုင်မည်ဖြစ်သည်။ ၎င်းက ကျွန်ုပ်တို့သည် ကိုယ်တော်ထံသို့ ကျွန်ုပ်တို့ကိုယ်ကို ပေးအပ်ခြင်း၊ ကိုယ်တော်ထံ ကျွန်ုပ်တို့ အရှုံးခံခြင်း၊ ကိုယ်တော်ကို ဦးဆောင်ခွင့်ပြုခြင်းအား ရည်ညွှန်းနေသည် - မ၊ ၁၆း၂၄-၂၅။ ၂ကော၊၂း၁၃-၁၄။

B. ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်းမှာ ယုံကြည်ခြင်းအားဖြင့် လျှောက်လှမ်းခြင်း ဖြစ်သည် - ၅း၇။ ဟေဗြဲ၊၁၁း၅-၆။

1. ယုံကြည်ခြင်းသည် ဘုရားသခင် ဖြစ်တော်မူကြောင်း ကျွန်ုပ်တို့ယုံကြည်လက်ခံခြင်းကို ဆိုလိုသည် - အငယ်၊၁-၂၊၆။ ၂ကော၊ ၄း၁၃၊ ၁၈။

a. ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင် ကျေနပ်ခြင်းပေးရန်၊ ဘုရားသခင်ကို ပျော်ရွှင်စေရန် မဖြစ်နိုင်ပါ - ဟေဗြဲ၊၁၁း၆က။

b. ဘုရားသခင်ဖြစ်တော်မူကြောင်း ယုံကြည်ခြင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့ထံသို့ အရာခပ်သိမ်းဖြစ်၍ ကျွန်ုပ်တို့သည် ဘာမျှမဟုတ်ကြောင်း ယုံကြည်ခြင်းဖြစ်သည် - ယော၊၈း၅၈။ ဒေ၊၁း၂။

c. ဘုရားသခင်ဖြစ်တော်မူကြောင်း ယုံကြည်ခြင်းမှာ ကျွန်ုပ်တို့ဘာမျှမဟုတ်ကြောင်း ရည်ညွှန်းသည်။ ကိုယ်တော်သာလျှင် အရာခပ်သိမ်း၌ တစ်ပါးတည်းသောအရှင်၊ တုနှိုင်းရာမဲ့သောအရှင်ဖြစ်ရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် အရာခပ်သိမ်း၌ ဘာမျှမဟုတ်သောသူ ဖြစ်ရမည် - က၊၅း၂၄။ ဟေဗြဲ၊၁၁း၅။

d. ဘုရားသခင်ဖြစ်တော်မူကြောင်း ယုံကြည်ခြင်းမှာ ကျွန်ုပ်တို့၏အတ္တကို ငြင်းပယ်ခြင်းဖြစ်သည်။ စကြဝဠာတစ်ခုလုံး၌ ကိုယ်တော်သာ ဖြစ်တော်မူပြီး၊ ကျွန်ုပ်တို့အားလုံးသည် ဘာမျှမဟုတ်ပေ - လု၊၉း၂၃။

e. ကျွန်ုပ်သည် ဘာမျှမဟုတ်သင့်ပါ။ ကျွန်ုပ်သည် မတည်ရှိသင့်ပါ၊ ကိုယ်တော်သာလျှင် တည်ရှိသင့်သည် - ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သာ ရှင်တော်မူ၏ - ဂလ၊၂း၂ဝ။

f. သူပြောင်းလဲချိန်၌ တာရှုမြို့သား ရှောလုကို သခင်ဘုရားက "ငါသည် ယေရှုဖြစ်၏" ဟု ပြောခဲ့သည် - တ၊၉း၅။

(1) သခင်ဘုရားက "ငါသည် ကြီးမြတ်သော ငါဖြစ်သောအရှင်ဖြစ်သည်။ ငါသည် ဖြစ်တော်မူသောအရှင်ဖြစ်သည်။ ငါဖြစ်ကြောင်း နှင့် သင်သည် ဘာမျှမဟုတ်ကြောင်း သင်ယုံကြည်ရမည်"ဟု ပြောနေခြင်းဖြစ်သည်။

(2) နောက်ဆုံးတွင် ရှောလုသည် အဆုံးသတ်သွားပြီး၊ ပေါလု ရောက်လာခဲ့သည် - ၁၃း၉။

g. ဤသည်မှာ ယုံကြည်ခြင်းဖြစ်သည် - "အို ဘာမျှမရှိခြင်း၊ ဘာမျှမဟုတ်ခြင်း၊ ဘာမျှမမြင်ခြင်း၊ သို့သော် ဘုန်းတော်၌ အသက်ရှင်သော ခရစ်တော်သာ ရှိခြင်း၊ အခြားဘာအတွက်မျှ ဂရုမစိုက်ဘဲ ဤနေရာမှာ ကိုယ်တော်၏စိတ်ဝင်စားမှုအတွက်သာ ရှိခြင်း၏ ဝမ်းမြောက်ခြင်းပါတကား" - ဂျေအဲန်ဒါဘီ။

2. ယုံကြည်ခြင်းဟူသည်မှာ ဘုရားသခင်သည် ကိုယ်တော်ကို လုံ့လဝီရိယဖြင့် ရှာဖွေသောသူအား ဆုလာဘ်ပေးမည့်သူဖြစ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်ခြင်းကို ဆိုလိုသည် - ဟေဗြဲ၊၁၁း၆။ က၊၁၅း၁။ ဖိ၊၃း၈၊ ၁၄။

a. ဧနောက်၏ ဆုလာဘ်မှာ အသက်၏အမြင့်ဆုံးသောအဆင့် - သေခြင်းမှ လွန်မြောက်ခြင်း - ဖြစ်သည် - ဟေဗြဲ၊ ၁၁း၅က။ ၂ကော၊၅း၄။ ရော၊၈း၆၊ ၁၀-၁၁။ ၅း၁၇။

b. သခင်ဘုရားသည် ဆုပေးမည့်သူဖြစ်သည်၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ရှာဖွေသူများဖြစ်ရန် လိုအပ်သည် - ဆာ၊ ၂၇း၄၊ ၈။ ၄၂း၁-၂။ ၄၃း၄။ ၇၃း၂၅။ ၁၁၉း၂၊ ၁ဝ။

C. ချီဆောင်ခံရသော ပထမဆုံးသောပုဂ္ဂိုလ်အဖြစ် ဧနောက်သည် မိမိတို့အသက်ရှင်စဉ်မှာ ချီဆောင်ခြင်းခံရကြမည့် အောင်မြင်သောသူများအားလုံး၏ ကိုယ်စားပြု ဖြစ်သည် - မ၊၂၄း၃၇-၅၁။ ဗျာ၊၁၄း၁။ လု၊၂၁း၃၄-၃၆။

1. ကျွန်ုပ်တို့ ချီဆောင်ခံရခြင်းမှာ ကျွန်ုပ်တို့ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်းအားဖြင့် ဘုရားဆိုင်ရာအသက်၌ ရင့်ကျက်မှုရှိခြင်းအပေါ် မူတည်သည် - ဟေဗြဲ၊၆း၁က။

2. ဧနောက်သည် ဘုရားသခင်နှင့်အတူ ရာစုနှစ်သုံးခုတိုင် နေ့ရောညပါ အထက်သို့ လျှောက်လှမ်းခဲ့ပြီး၊ ဘုရားသခင်နှင့် နီးစပ်လာခြင်းရှိကာ၊ နေ့စဉ် ဘုရားသခင်နှင့် ပို၍ တစ်လုံးတစ်ဝဖြစ်လာပြီး၊ "နောက်တစ်ဖန် သူသည် မရှိ။ အကြောင်းမူကား၊ ဘုရားသခင်သိမ်းယူတော်မူသောကြောင့်တည်း" - က၊၅း၂၄။ ညွှန်း၊ သီ၊၈း၅က။

**III. ကျွန်ုပ်တို့သည် သိုးသငယ်နောက်သို့ လိုက်ရန်နှင့် အဦးသီးများဖြစ်လာခြင်းငှာ ရင့်ကျက်ခြင်းသို့ ရှေ့ဆက်သွားရန်အလို့ငှာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အိမ်တော်သားများထံ ဘုရားသခင်ကို အစာအဖြစ် ပေးဖို့ သခင်ဘုရား၏အပ်နှင်းစေခိုင်းခြင်း၌ အစေခံခြင်းတွင် သစ္စာရှိရမည်ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် လာမည့်နိုင်ငံတော်၌ ကျွန်ုပ်တို့၏ဆုအဖြစ် ခရစ်တော်ကို အမြတ်ရရှိမည်ဖြစ်သည် - မ၊၂၄း၄၅-၅၁။**

A. ဘုရားသခင်၌ အိမ်ထောင်စုရှိပြီး၊ ကိုယ်တော်၏ထင်ရှားခြင်းအတွက် အိမ်တော်သားများထံ မိမိကိုယ်တော်တိုင်ကို အစာအဖြစ် ဝေငှဖြန့်ဖြူးမည့် အိမ်ထောင်စုဆိုင်ရာ စီမံခန့်ခွဲမှု၊ စီမံကိန်း ရှိသည် - ၁တိ၊၁း၄။ ၃း၁၅။ ဧ၊၂း၁၉။

B. ဘုရားသခင်သည် ကိုယ်တော်၏အိမ်စုအပေါ် အိမ်ထောင်စုဆိုင်ရာ စီမံခန့်ခွဲသူများ၊ ဘဏ္ဍာစိုးများ၊ မစရာလမ်းကြောင်းများအဖြစ် သစ္စာရှိ၍ သတိပညာရှိသော ကျွန်များကို အချိန်တန်လျှင် ကိုယ်တော်၏လူများထံ အစားအစာကို ပေးဝေစေခြင်းငှာ ခန့်ထားတော်မူသည် - မ၊၂၄း၄၅။ ၁ကော၊၉း၁၇။ ဧ၊၃း၂။ ၁ကော၊၄း၁။ ၁ပေ၊၄း၁ဝ။ ဖိ၊၁း၂၅။

C. *အစားအစာကို ပေးဝေခြင်း* မှာ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ခရစ်တော်ကို အသက်မစရာအဖြစ် အသင်းတော်ရှိ ယုံကြည်သူများထံ အမှုဆောင်ခြင်းအား ရည်ညွှန်းသည်။ အသက်ပေးသောဝိညာဉ်တော်အဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့၏အစာဖြစ်ပြီး အသက်၏နှုတ်ကပတ်တော်၌ ကိုယ်ထင်ရှားကာ သိနားလည်ရသည် - ယော၊၆း၅၇၊ ၆၃၊ ၆၈။ တ၊၅း၂ဝ။

1. အခြားသူများကို ကျွေးမွေးနိုင်ဖို့ သခင်ဘုရားကို ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာအစာအဖြစ် မွေ့လျော်ဝမ်းမြောက်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ကိုယ်တော်၏နှုတ်ကပတ်တော်အပေါ် ဆုတောင်းကာ ဆင်ခြင်ရွတ်ဆိုရမည်၊ ဂရုတစိုက် ဆင်ခြင်စဉ်းစားခြင်းဖြင့် မြည်းစမ်းကာ မွေ့လျော်ဝမ်းမြောက်ရမည်ဖြစ်သည် - ဧ၊၆း၁၇-၁၈။ ဆာ၊၁၁၉း၁၅။ ယေ၊၁၅း၁၆။

2. ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ဆုတောင်းခြင်းနှင့် နှုတ်ကပတ်တော်၏ အမှုတော်သို့ အပ်နှံထားကြရမည်ဖြစ်သည် - တ၊၆း၄။ ၂ကော၊၃း၆၊ ၈။ ယော၊၇း၃၇-၃၉။ ညွှန်း၊ ဟေဗြဲ၊၇း၂၅။ ၈း၂။

D. ကျွန်ုပ်တို့၏သခင်သည် ကြန့်ကြာဦးမည်ဟု စိတ်နှလုံး၌အောက်မေ့ခြင်းမှာ မျက်မှောက် ဆိုးညစ်သောခေတ်ကို ချစ်ခြင်းနှင့် သခင်ဘုရား၏ပေါ်ထွန်းခြင်းကို မချစ်ခြင်းပင် ဖြစ်သည် - မ၂၄း၄၈။ ၂တိ၄း၈၊ ၁၀။ ညွှန်း၊ တ၂၆း၁၆။

1. ကျွန်ုပ်တို့သည် လောဘလွန်ကျူးခြင်းကို သတိပြုရမည်၊ မိမိကိုယ်အဖို့ ဘဏ္ဍာကို မသိုထားဘဲ၊ ဘုရားသခင်ထံသို့သာ ကြွယ်ဝခြင်း ရှိရမည်ဖြစ်သည် - လု၁၂း၁၅-၂၀။ ၂ကော၆း၁၀။ ဧ၃း၈။
2. "လောတ၏ဇနီးကို အောက်မေ့ကြလော့"ဟူသည်မှာ လောကကို ချစ်သော ယုံကြည်သူများထံ လေးနက်သည့် သတိပေးချက်ဖြစ်သည် - လု၁၇း၃၁-၃၂။ ညွှန်း၊ ရော၁း၂၁၊ ၂၅။
3. ကျွန်ုပ်တို့သည် စောင့်ကြည့်ခြင်းနှင့် တောင်းလျှောက်ခြင်း ရှိရမည်၊ သို့မှသာ သခင်ဘုရား၏ကြွလာခြင်း နေ့ရက်သည့် ကျွန်ုပ်တို့အပေါ် ပိုက်ကွန်ကဲ့သို့ ရုတ်တရက် မကျရောက်မည် ဖြစ်သည် - လု၂၁း၃၄-၃၆။ ညွှန်း၊ မ၂၄း၃။

E. ကျွန်ုပ်တို့၏ကျွန်ချင်းကို ရိုက်ပုတ်ခြင်းသည် ကျွန်ုပ်တို့၏ ယုံကြည်သူချင်းများကို မတရားပြုမူခြင်း ဖြစ်သည် - ၂၄း၄၉က။ ၁၈း၃-၇။ တ၈း၄။

1. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ယုံကြည်သူချင်းများကို စီရင်ခြင်းနှင့် အပြစ်တင်ခြင်း မပြုရဘဲ၊ သူတို့ထံ ကြင်နာရမည်၊ စာနာသနားခြင်းရှိရမည်၊ ခရစ်တော်၌ရှိသော ဘုရားသခင်က ကျွန်ုပ်တို့ကို ခွင့်လွှတ်သည့်နည်းတူ သူတို့ကို ခွင့်လွှတ်ရမည်ဖြစ်သည် - လု၆း၃၇။ ဧ၄း၃၁-၃၂။
2. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ညီအစ်ကိုများအား ပုတ်ခတ်ခြင်း သို့မဟုတ် အပြစ်ရှာဝေဖန်ခြင်း မပြုရဘဲ၊ သူတို့သည် ကျွန်ုပ်တို့ကိုယ်တိုင်ထက် သာ၍မြတ်သည်ဟု မှတ်ယူရမည်ဖြစ်သည် - ၁ကော၆း၁၀။ ဖိ၂း၂-၃၊ ၂၉။
   a. ညီအစ်ကိုအား ပုတ်ခတ်ခြင်းမှာ သူ့ကို ရိုင်းစိုင်းသောစကားဖြင့် သူ့ကို ကြမ်းတမ်းစွာ အပြစ်ရှာဝေဖန်ခြင်း သို့မဟုတ် သိက္ခာချခြင်း ဖြစ်သည် - ညွှန်း၊ လု၁၇း၂။
   b. ပုတ်ခတ်သောစကားကို ယူဆောင်သောသူသည် ပုတ်ခတ်သောစကားကို ပြောသောသူတို့နည်းတူ တာဝန်ခံရမည်ဖြစ်သည်။ ထိုသို့သော စကားများသည် ကိုယ်ခန္ဓာတော်ကို ပျက်စီးစေသည်။
   c. ဘုရားသခင်က ပင်ကိုအားဖြင့် အခြားသူများကို အပြစ်ရှာဝေဖန်တတ်သောသူများထံ အခွင့်အာဏာကို ဘယ်သောအခါမျှ စိတ်ချအပ်နှံမည်မဟုတ်ပါ။
3. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ယုံကြည်သူချင်းများအပေါ် အစိုးတရမပြုရဘဲ၊ အသက်ပေးသော ဝိညာဉ်တော်အဖြစ် ရှင်ပြန်ထမြောက်သော ခရစ်တော်ဖြင့် သူတို့ကို ကျွေးမွေးရန် ကျွန်အဖြစ် အစေခံရမည်ဖြစ်သည် - ၁ပေ၅း၃။ မ၂၀း၂၅-၂၈။ ညွှန်း၊ စာရင်း၁၇း၈။
   a. လူတစ်ဦးက သန့်ရှင်းသူများအပေါ် အစိုးတရပြုခြင်းမှာ သူတို့အတွက် ဆုံးဖြတ်ချက် ချပေးခြင်း သို့မဟုတ် သူတို့အား မည်သည့်နေရာသို့ ပြောင်းရွှေ့ရမည်ကို ပြောပြခြင်းအားဖြင့် သူတို့၏အသက်တာ၌ သခင်ဘုရားကို အစားထိုးကာ၊ ခရစ်တော်၏ ဦးခေါင်းအရာနှင့် သခင်အရာကို ပြစ်မှားစော်ကားကြောင်း ဆိုလိုသည်။
   b. ကျွန်ုပ်တို့က အခြားသူများအား ဆုတောင်းရန်၊ သခင်ဘုရား၏ဦးဆောင်မှုကို ရှာဖွေရန်၊ ကိုယ်ခန္ဓာတော်၌ သင့်လျော်သည့်မိတ်သဟာယဖွဲ့ခြင်းရှိရန် ခွန်အားပေးခြင်း မရှိဘဲ၊ မည်သည့်နေရာသို့ သွားသင့်ကြောင်း ပြောမည်ဆိုလျှင်၊ ဤအရာသည် သခင်ဘုရားထံ ကြီးစွာသော ပြစ်မှားစော်ကားခြင်းဖြစ်သည်။

F. သေသောက်ကြူးသူများနှင့်အတူ စားခြင်း၊ သောက်ခြင်းမှာ လောကအရာများဖြင့် ယစ်မူးလျက်နေသော လောကလူများနှင့်အတူ ပေါင်းဖော်ခြင်းဖြစ်သည် - မ၂၄း၄၉ခ။ ညွှန်း၊ ဧ၅း၁၈။

1. မိမိတို့၏ ဘုရားဆိုင်ရာသဘောသဘာဝနှင့် သန့်ရှင်းသောရပ်တည်မှုကြောင့် ယုံကြည်သူများသည် မယုံကြည်သူများနှင့်အတူတကွ ထမ်းပိုးမထမ်းသင့်ပါ။ ဤအရာသည် လက်ထပ်ထိမ်းမြားခြင်းနှင့် စီးပွားရေးအလုပ်၌သာမက၊ ယုံကြည်သူများနှင့် မယုံကြည်သူများအကြား ရင်းနှီးသောဆက်နွယ်မှုများအားလုံးထံ သက်ရောက်စေခြင်း ရှိသင့်ပါသည် - ၂ကော၆း၁၄။ ၁ကော၁၅း၃၃။ ညွှန်း၊ သု၁၃း၂၀။
2. ကျွန်ုပ်တို့သည် လူပျိုတို့၏ တပ်မက်ခြင်းများကို ရှောင်ကြဉ်၍ စင်ကြယ်သောစိတ်နှလုံးထဲက သခင်ဘုရား၏နာမတော်ကို ခေါ်သောသူတို့နှင့်အတူ အရာအားလုံးပါဝင်သောခရစ်တော်ကို ရှာဖွေဆည်းပူးရမည်ဖြစ်သည် - ၂တိ၂း၂၂။

© 2025 Living Stream Ministry